# ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ကျင်းပသော ပြည်သူ့ညီလာခံတွင် ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ ပူးဇင်ကျုံးမှ ပြောကြားသော အမှာစကား

**ချစ်ခင်လေးစားရပါသော ခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီက ဦးဆောင်ကျင်းပတဲ့ ဒီသမိုင်းဝင် ပြည်သူ့ညီလာခံမှာ ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) ကိုယ်စား အမှာစကားပြောကြားခွင့်ရတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ယနေ့ကာလဟာ လွတ်လပ်မှုနှင့် တရားမျှတမှုကို လိုလားတဲ့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများအတွက်၊ ကျွန်တော်တို့ နိုင်ငံအတွက် သမိုင်းဝင်တဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာစစ်တပ်က ပြည်သူလူထုရဲ့ဆန္ဒနဲ့ ဆန့်ကျင်ပြီး အာဏာသိမ်းခဲ့တာဟာဆိုရင် လာမည့်ရက်အနည်းငယ်မှာ တစ်နှစ်ပြည့်တော့မည် ဖြစ်ပါတယ်။ အကြမ်းဖက်စစ်တပ်ရဲ့ မတရားသဖြင့် လုပ်ဆောင်မှုတွေ ရက်စက်ကြမ်းကြုတ်မှုတွေကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူအများ အတိဒုက္ခရောက်နေရပါတယ်။ စစ်တပ်က အကြမ်းဖက် မတရားဖမ်းဆီး သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ပြည်သူ့ အသက်အိုးအိမ်စည်းစိမ်များ ဘာသာရေး အဆောက်အအုံများ ဖျက်ဆီးခြင်းစသည့် စစ်ရာဇဝတ်မှုများနဲ့ လူမျိုးတုံး သတ်ဖြတ်မှုများကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပါတယ်။

သို့ပေမဲ့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မတရားမှုကို လက်သင့်မခံဘဲ တနိုင်ငံလုံး စည်းစည်းလုံးလုံးနဲ့ ဒီဆိုးရွားလွန်းတဲ့ စစ်အာဏာရှင်တွေကို လုံ့လဝီရိယရှိရှိ တွန်းလှန်နေကြသည်မှာ တစ်နှစ်ပြည့်မြောက်တော့မည် ဖြစ်ပါတယ်။ အကြမ်းမဖက်တဲ့နည်းလမ်းများနဲ့ စတင်ခဲ့သည့် ပြည်သူ့အာဏာဖီဆန်မှုမှာ စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် မိမိကိုယ်ကို ခုခံကာကွယ်ရန်အတွက် လက်နက်ကိုင်ရသည့် အခြေအနေ အထိရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ မိမိတို့ပြည်သူတွေရဲ့ ကြိုးပမ်းအားထုတ်မှု၊ ပြင်းထန်တဲ့ ခံယူချက်တွေကြောင့် စစ်အာဏာရှင်များနှင့် ၎င်းတို့ရဲ့ အပေါင်းအပါများကို နည်းလမ်းမျိုးစုံဖြင့် အာဏာဖီဆန်နေသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပြန့်နှံ့နေသည်ကို တွေ့ရပါသည်။

မိမိတို့ချင်းအမျိုးသားတစ်ရပ်လုံးအနေဖြင့်လည်း ချင်းပြည်နှင့် ချင်းလူမျိုးကိုယ်စား နိုင်ငံရေးဦးစီးဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ပိုင်ပြဋ္ဌါန်းခွင့် အာမခံချက်ရှိသည့် ချင်းပြည်တည်ဆောက်ရေး၊ တန်းတူမှုရှိသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ကို မျှော်ရည်၍ ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) ကို ဖွဲ့စည်းခဲ့ပါသည်။

ပြည်သူတွေရဲ့ ဦးဆောင်မှုနဲ့အတူ ဖြစ်ပေါ်လာတဲ့ တော်လှန်ရေးကြီးဟာ အရှိန်လျော့မသွားဘဲ အခက်အခဲများကြားက အရှိန်အဟုန် ကောင်းကောင်း အင်အားကောင်းကောင်းနဲ့ ဆက်လက်ချီတက်နေတယ်ဆိုတာ ယနေ့ ပြုလုပ်တဲ့ ပြည်သူ့ညီလာခံတွင်လည်း ထပ်မံမြင်တွေ့နိုင်ပါတယ်။

မိမိအနေနဲ့ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ တော်လှန်ရေး ဒီအခြေအနေအထိ ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ကျရာနေရာက ကြံ့ကြံ့ခံ တော်လှန်ပါဝင်နေကြတဲ့ မိဘပြည်သူများ၊ CDM ဝန်ထမ်းများ၊ Generation Z များ၊ ကျောင်းသားများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများနဲ့ နိုင်ငံတကာက ပြည်သူများအားလုံးရဲ့ ကြိုးပမ်းအားထုတ်မှုကို ဒီနေရာကနေ အသိအမှတ်ပြုလိုပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအတွင်း လွတ်လပ်ခွင့်၊ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရရှိရေးအတွက် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးခဲ့ရတဲ့ အနယ်နယ်အရပ်ရပ် အဖွဲ့အစည်းအသီးသီးက တော်လှန်ရေးအဖွဲ့ဝင်သူရဲကောင်းများနှင့်တကွ မိဘပြည်သူများရဲ့ ပေးဆပ်မှု၊ အနစ်နာခံမှု၊ ကြိုးပမ်းအားထုတ်မှုများအပေါ် ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌအနေနဲ့ မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့ညီလာခံတွင် အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရည်ရွယ်သည့် ဖက်ဒရယ်ဒီမိုကရေစီချာတာကိုလည်း အတည်ပြုသွားမှာ ဖြစ်တဲ့အတွက် သမိုင်းဝင်နေ့ဖြစ်ပါတယ်။ အာဏာရှင်စနစ်အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီအင်အားစုများ စုပေါင်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် အာဏာရှင်စနစ်တိုက် ဖျက်ရေးဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ မဟာဗျူဟာများနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာ အစီအမံများ ညှိနိုင်းဆွေးနွေးများကို ဤပြည်သူ့ညီလာခံမှ စတင်၍ အဆင့်ဆင့် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ထားပါတယ်။ ဒီညီလာခံကနေပြီးတော့ ပြည်သူအများ မျှော်လင့်တောင့်တနေတဲ့ ရလဒ်ကောင်းများ၊ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် အခြေခံကောင်းများကို ဆောင်ကျဉ်းပေးနိုင်မယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်ပါတယ်။ ထို့ကြောင့် ညီလာခံကြွရောက်လာကြတဲ့ ခေါင်းဆောင်ကြီးများနှင့် ကိုယ်စားလှယ်များအားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်။

ယနေ့ ဆင်နွှဲနေရတဲ့ တော်လှန်ရေးဟာ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ် ချေမှုန်းပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ဖို့ ဆင်နွှဲနေတဲ့ ပြည်သူလူထုက ဦးဆောင်တဲ့ ပြည်သူ့တော်လှန်ရေးတိုက်ပွဲဖြစ်တယ်ဆိုတာ အားလုံးကို သတိပြုစေလိုပါတယ်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပက အဖွဲ့အစည်းအသီးသီးနဲ့ နိုင်ငံတကာအသိုင်းအဝန်းအနေနဲ့လည်း ပြည်သူလူထုဘက်က မားမားမတ်မတ် ရပ်တည်ပေးပြီး မြန်မာပြည်သူများ ကြုံတွေ့နေရတဲ့ အကြမ်းဖက်တိုက်ခိုက်ခံနေရမှုများက ကာကွယ်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးနိုင်ရန် တိုက်တွန်းနှိုးဆော်လိုပါတယ်။

မိမိတို့ ချင်းအမျိုးသားတပ်ဦးနှင့် ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC) အနေနဲ့ ပြည်သူလူထုရဲ့ဆန္ဒနှင့်အညီ စစ်အာဏာရှင်စနစ်ဖြုတ်ချပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ထောင်ဖို့ သန္နိဋ္ဌာန်ချထားပြီး ပြည်သူ့တော်လှန်ရေးကို အစွမ်းကုန်ဆင်နွှဲလျက်ရှိပါတယ်။ ပြည်သူ့တော်လှန်ရေး ပိုမိုအားကောင်းလာရေး အရှိန်မြင့်တင်နိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံး ကျရာကဏ္ဍ အသီးသီးကနေ အင်တိုက်အားတိုက် ဆက်လက်ပါဝင်တိုက်ပွဲဝင်ဖို့ တိုက်တွန်းဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်။

**အရေးတော်ပုံအောင်ရမည်။**